# ကမ္ဘာအား ယူနန်ကိုပိုမိုသိရှိစေ

### လင့်ဂ်အချိတ်အဆက် - အမေရိကန်/အင်ဒိုနီးရှားအင်တာနေရှင်နယ်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု မန်နေဂျင်းဒါရိုက်တာ၊ အင်ဒိုနီးရှားနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တရုတ်ရေးရာကော်မတီအလုပ်အမှုဆောင်ဥက္ကဋ္ဌရှုံတယ်လုံ၏ မျက်မြင်ချက်



"ကျွန်တော်ယူနန်သို့ ပထမဆုံး အကြိမ်ရောက်လာတာဟာ ၁၉၈၃ခုနှစ်ဖြစ်တယ်။ ယူနန်ပြည်သူတွေဟာရိုးဖြောင့်တယ်၊ သစ္စာရှိတယ်၊ သံယောဇဉ်အလေးထားတယ်၊ သစ္စာစောင့်သိတယ်ကို ကျွန်တော်တွေ့ရခဲ့တဲ့အတွက် အဲဒီအချိန်မှစပြီး ယူနန်မိတ်ဆွေများနဲ့ နက်ရှိုင်းစွာချစ်ကြည်ရင်းနှီးလာခဲ့တယ်"။ မေလ ၂၀ ရက်နေ့တွင် ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု၏ "ပြည်ပသို့ လျှောက်လှမ်းသွားခြင်း"နှစ်(၂၀)ပြည့်အထိမ်းအမှတ်လှုပ်ရှားမှုစီးရီးကို အထူးခရီးစဉ်ဖြင့်တက်ရောက်လာသော အမေရိကန်/အင်ဒိုနီးရှားအင်တာနေရှင်နယ် နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စုမန်နေဂျင်းဒါရိုက်တာ၊ အင်ဒိုနီးရှားနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တရုတ်ရေးရာကော်မတီ အလုပ်အမှုဆောင်ဥက္ကဋ္ဌမစ္စတာရှုံတယ်လုံက ယူနန်နေ့စဉ်သတင်းစာနှင့် စတင်ပူးပေါင်းဆောင်ရွက်ခဲ့သည့်အကြောင်းနှင့်စကားစပ်မိရာတွင် ထိုသို့ပြောကြားခဲ့သည်။

ရှုံတယ်လုံ၏အမြင်အရ ယူနန်နေ့စဉ်သတင်းစာသည် ဒေသန္တရမီဒီယာတစ်ခုအဖြစ် လွန်ခဲ့သည့်နှစ်(၂၀)ကပင် "တရုတ်ပုံပြင်ကို ကောင်းအောင်ပြောရန်၊ တရုတ်အသံကို ကောင်းအောင်ပြန့်ပွားရန်" ဟူသော လုပ်ငန်းများကို လုပ်ဆောင်ခဲ့သည့်အတွက် တော်လှပါကြောင်း၊ ပို၍ကောင်းချီးပြုထိုက်သည်မှာ တရုတ်ဘာသာသတင်းစာအပြင် အင်္ဂလိပ်ဘာသာ၊ အင်ဒိုနီးရှားဘာသာ၊ ကမ္ဘောဒီးယားဘာသာ၊ မြန်မာဘာသာစသည့် ဘာသာစကားအမျိုးမျိုးဖြင့် ပူးပေါင်း၍ထုတ်ဝေထားသည့်သတင်းစာများလည်း ရှိသေးကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများကို ဘာသာစကားအမျိုးမျိုးဖြင့် ဖုံးလွှမ်းသည်ကို ဖော်ဆောင်လုနီးဖြစ်ပြီး ကောင်းမွန်စွာ ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်ကြောင်း ယူဆထားသည်။ "တီထွင်ကြံဆဝံ့သည့် စွမ်းဆောင်ရည်မြင့်မားလှသည်၊ အတွေးအခေါ်ကျယ်ပြန့်လှသည်၊ ခြေလှမ်းလျင်မြန်လှသည်"ဟု ရှုံတယ်လုံက ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု၏ "ပြည်ပသို့ လျှောက်လှမ်းသွားခြင်း" လုပ်ငန်းအပေါ် ထိုသို့ဝေဖန်သုံးသပ်လိုက်သည်။

ရှုံတယ်လုံကလက်ရှိတွင် အင်္ဂလိပ်ဘာသာ၊ အင်ဒိုနီးရှားဘာသာ၊ တရုတ်ဘာသာတို့ဖြင့်ထုတ်ဝေထားသည့်《အင်တာနေရှင်နယ် နေ့စဉ်သတင်းစာ • တရုတ်ယူနန်》သည် အင်ဒိုနီးရှားနှင့် ဥရောပတိုက်၊ အမေရိကတိုက်သို့ မျက်နှာမူ၍ယူနန်ကိုဝါဒဖြန့်၊ ယူနန်ကိုမိတ်ဆက်သည့်အရေးပါသောစစ်မျက်နှာနှင့် အဓိကကျသော မီဒီယာဖြစ်လာနေကြောင်း၊ အထူးသဖြင့် အင်ဒိုနီးရှားဘာသာ၊ အင်္ဂလိပ်ဘာသာထုတ်《အင်တာနေရှင်နယ် နေ့စဉ်သတင်းစာ • တရုတ်ယူနန်》အထူးသတင်းဂျာနယ်သည် ဖောင်သွင်းထားမှုအလွန်ပင်ကောင်းမွန်ပါကြောင်း၊ အမေရိကန်နိုင်ငံတွင် ထုတ်ဝေထားသည့်《အင်တာနေရှင်နယ် နေ့စဉ်သတင်းစာ • တရုတ်ယူနန်》အထူးသတင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြသည့် အကြောင်းအရာများမှာ စာဖတ်သူများအတွက် ယူနန်ပုံရိပ်ကို ကောင်းမွန်စွာ ပြသနိုင်ခဲ့ကြောင်း ပြောကြားသည်။

သမားရိုးကျ စက္ကူမီဒီယာများ၏ ဖြန့်ဝေမှု လျော့နည်းသွားသည်ကို မည်သို့ရင်ဆိုင်ရမည်ဟူသော ပြဿနာနှင့် စပ်လျဉ်း၍ပြောကြားရာတွင် ရှုံတယ်လုံက အကြံပြုချက် နှစ်ချက်ပေးခဲ့သည်။ ၄င်းသည် သမားရိုးကျ စက္ကူမီဒီယာဖြန့်ဝေမှုကို အင်တာနက်ကွန်ရက်များ၏ ထိုးနှက်မှုခံရသော်လည်းလာမည့်(၅)နှစ်အတွင်းတွင် သမားရိုးကျစက္ကူမီဒီယာများသည် ဆက်လက်ရပ်တည်သွားနိုင်မှာဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အင်တာနက်ကွန်ရက်သည် မည်သည့်အဆင့်အထိ ဖွံ့ဖြိုးတိုးတက်သွားသည်ဖြစ်စေ အကြောင်းအရာများဖြစ်ပေါ်လာမှုသည်အခြေခံအုတ်မြစ်ပင်ဖြစ်ကြောင်း၊ သမားရိုးကျစက္ကူမီဒီယာများအနေဖြင့် "ပစ်တိုင်းထောင်" စိတ်ဓာတ်ကို ထွန်းကားစေပြီး အခြေအနေအသစ်အောက်တွင်ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ရဲရင့်စွာရင်ဆိုင်ရန် ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသွားသည်။ ထို့ပြင် မီဒီယာများအနေဖြင့် မိမိကိုယ်မိမိအားကောင်းလာရန် တိုးမြှင့်ဆောင်ရွက်ပြီး လုပ်ငန်းပေါင်းစုံ၊ အမျိုးအစားပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် သမားရိုးကျ စက္ကူမီဒီယာများအတွက် အင်အားတောင့်တင်းသော တွန်းအားနှင့် ထောက်ခံအားပေးမှုများ ထောက်ပံ့ပေးသည်ဟု ၄င်းက အကြံပြုလိုက်သည်။ ယူနန်နေ့စဉ် သတင်းစာအနေဖြင့် အတွေးအခေါ်ချဲ့ထွင်၍ ပိုမိုများပြားသော ပြည်ပအဓိကမီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟုအကြံပေးလိုက်သည်။ ၄င်းသည် ယူနန်နေ့စဉ် သတင်းစာလုပ်ငန်းအုပ်စု အနေဖြင့် အနာဂတ်တွင် ကမ္ဘာသို့ဆက်လက်လျှောက်လှမ်းသွားပြီး ကမ္ဘာအား ယူနန်ကို ပိုမိုသိရှိစေမည်ဟု မျှော်လင့်ထားသည်။ ခွဲခွာခါနီးတွင် ရှုံတယ်လုံက ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု၏ "ပြည်ပသို့ လျှောက်လှမ်းသွားခြင်း" နှစ်(၃၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပသည့်အခါကျလျှင် မိမိကိုဖိတ်ခေါ်၍ နောက်ထပ်မျက်မြင်စေပါရန် မှာကြားထားသည်။

# တရုတ်ဘယဆေးနှင့်တရုတ်တိုင်းရင်းဆေးပညာများကို (၄)ကြိမ်မြောက် တောင်အာရှကုန်စည်ပြပွဲတွင် ပထမဦးဆုံးအကြိမ်ပြသသွားမည်

သတင်းထောက်က ယူနန်ပြည်နယ်ကျန်းမာရေးနှင့် သားသမီးဦးရေထိန်းချုပ်ရေးကော်မတီမှ ရရှိသောသတင်းအရ တရုတ်ဘယဆေးနှင့်တရုတ်တိုင်းရင်းဆေးပညာများကို ယခုနှစ်ဇွန်လ ၁၂ ရက်နေ့တွင် ကျင်းပမည့်(၄)ကြိမ်မြောက် တောင်အာရှကုန်စည်ပြပွဲသို့ ပထမဆုံးအကြိမ် ပါဝင်ပြသသွားမည်ဖြစ်ကြောင်း၊ ပြပွဲသို့ ပါဝင်ပြသမည့်ကုန်ပစ္စည်းများမှာ တရုတ်ဘယဆေးနှင့် တရုတ်တိုင်းရင်းဆေးပညာ၊ တရုတ်တိုင်းရင်းဆေးပညာသုတေသနပြုရေးနှင့် ပညာသင်ကြားရေး၊ တရုတ်တိုင်းရင်းဆေးပညာဆိုင်ရာကျန်းမာရေးနှင့်ခရီးသွားရေးစသည်များနှင့် ပတ်သက်သွားမှာဖြစ်ကြောင်း သိရသည်။

ယခုအကြိမ်တောင်အာရှကုန်စည်ပြပွဲတွင် တရုတ်ဘယဆေးနှင့် တရုတ်တိုင်းရင်းဆေးများ အထူးပြခန်းကို ကျန်းမာရေးနှင့် အပန်းဖြေရေးပြတိုက်တွင် ဖွင့်လှစ်ပြီး ကူမင်းတျန်းချီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ မြေညီထပ်ရှိ အမှတ်(၄)ပြတိုက်တွင် တည်ရှိသည်။ ယူနန်ပြည်နယ်ယီတိုင်းရင်းဆေးရုံပြခန်းသည် ယီဘယဆေးနှင့် ယီတိုင်းရင်းဆေးပညာအရ ရောဂါကြိုတင်ကာကွယ်မှု၊ ရောဂါလက္ခဏာ အကဲဖြတ်မှု၊ ရောဂါကုသမှုတို့၏ ထူးခြားသည့်အားသာချက်များကို အလေးထားပြသသွားမည်ဖြစ်သည်။ ကျန့်ရွှေခရိုင်တရုတ်တိုင်းရင်းဆေးရုံသည် တရုတ်တိုင်းရင်းဆေးမှ ခရမ်းရောင်မြေထည်နှင့် ကောင်းမြိုက်စွာပေါင်းစပ်ထားပြီး ကုသမှုနှင့်ရှူစားမှုတို့ကို တစ်ပါတည်း အသုံးပြုနိုင်သည့် "ရွှေ၊ သစ်၊ ရေ၊ မီး၊ မြေ"ခေါ် ဓာတ်ကြီး(၅)ပါးပါ ခရမ်းရောင်မြေထည်ထုတ်မီးပူငွေ့ခွက်ကို ပထမဆုံးအကြိမ် ပြသသွားမည်ဖြစ်သည်။ စစ်ဆောင်ပန်နားပြည်နယ်ခွဲတိုင်(မြန်မာရှမ်း)တိုင်းရင်းဆေးရုံသည် "ဘုရားလေးဆူ၊ ကိန်းအောင်းမှုငါးပါး" သီအိုရီ၊ တိုင်(မြန်မာရှမ်း)ရိုးရာဆေးကုနည်း(၁၀)ရပ်၊ ပေကျမ်းစသည်တို့ကို အလေးထားပြသသွားမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် နာမည်ကျော်တရုတ်တိုင်းရင်းဆေးသမားတော်၊ လူနည်းစုသမားတော်တို့ကိုလည်း ပြခန်းသို့ဖိတ်ခေါ်လာပြီး ဆေးပညာအတတ်သရုပ်ပြကာ ကျန်းမာရေးဆိုင်ရာစုံစမ်းမေးမြန်းမှုများကိုလည်း ဖြေကြားပေးမည်ဖြစ်သည်။ တရုတ်တိုင်းရင်းဆေးပညာ၏လက်တွေ့များကို စာတွေ့များနှင့်ပေါင်းစပ်ပြီး ဆေးဝါးအဖြစ်လည်းသုံး၊

အစာအဖြစ်လည်းသုံးနိုင်သည့် ကျန်းမာရေးဆိုင်ရာကုန်ပစ္စည်း၊ တရုတ်တိုင်းရင်းဆေးထုတ် ခရီးသွားအပန်းဖြေကုန်ပစ္စည်းများကိုလည်း ပြသသွားမည်ဖြစ်သည်။ ရှေးအခါမှစ၍ ယူနန်ပြည်နယ်သည် အရှေ့တောင်အာရှနိုင်ငံများနှင့်ဆေးပညာယဉ်ကျေးမှုများကို ရင်းနှီးစွာဖလှယ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာဒေသတွင်းစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အဆက်မပြတ်နက်ရှိုင်းလာပြီး နိုင်ငံတော်၏ "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု"မဟာဗျူဟာ၏ နောက်ခံအောက်တွင် ရိုးရာတိုင်းရင်းဆေးနှင့်ဆေးပညာများမှာ ယူနန်ပြည်နယ်အတွက် ပြည်ပနှင့်ဖလှယ်ရန် အလေးထားပြီး ပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်တစ်ခုဖြစ်လာတော့သည်။ "ယူနန်ပြည်နယ်၏ တရုတ်တိုင်းရင်းဆေးနှင့်ဆေးပညာများသည် ပြင်ပနှင့်နက်ရှိုင်းစွာပူးပေါင်းဖလှယ်ပြီး အရှေ့တောင်အာရှဒေသနှင့် တရုတ်ဘယဆေးနှင့်ဆေးပညာ၊ တိုင်းရင်းဆေးနှင့်ဆေးပညာအရ ကျယ်ပြန့်စွာ ပူးပေါင်းဖလှယ်နိုင်ခဲ့သည်"။

သက်ဆိုင်ရာတာဝန်ရှိသူက ယူနန်ပြည်နယ်သည် ရိုးရာတိုင်းရင်းဆေးနှင့်ဆေးပညာကဏ္ဍတွင် တောင်အာရှ၊ အရှေ့တောင်အာရှ နိုင်ငံများနှင့် အဆက်မပြတ် ပူးပေါင်းဖလှယ်သွားမည်ဖြစ်ကြောင်း၊ တရုတ်-တောင်အာရှ၊ အရှေ့တောင်အာရှရိုးရာတိုင်းရင်းဆေးနှင့်ဆေးပညာများ ဆက်ခံထိန်းသိမ်းရန် ပူးပေါင်းဖလှယ်မှုစင်မြင့်ကို တက်ကြွစွာတည်ထောင်ပြီး ဘက်စုံ၊ ပုံစံစုံ၊ နည်းလမ်းစုံ၊ မျက်နှာစာစုံသည့် ပူးပေါင်းဖလှယ်မှုအနေအထားကို တစတစဖြစ်တည်စေမည်ဖြစ်ကြောင်း၊ ယူနန်ပြည်နယ်ရှိတရုတ်ဘယဆေး၊ တိုင်းရင်းဆေးများကို တောင်အာရှကုန်စည်ပြပွဲတွင် ပြသရန် ရွေးချယ်ထားခြင်းသည် ယူနန်မှ တရုတ်တိုင်းရင်ဆေးဝန်ဆောင်မှုနယ်ပယ်ကိုတိုးချဲ့ပြီး တရုတ်တိုင်းရင်းဆေးများအား "ပြည်ပသို့ လျှောက်လှမ်းသွားခြင်း"အတွက် ကျယ်ပြန့်စွာပူးပေါင်းဖလှယ်ရန် အကျိုးဖြစ်ထွန်းစေမည့်စမ်းသပ်မှုနှင့်စူးစမ်းလေ့လာမှုဖြစ်ကြောင်း၊ ယခုအကြိမ်တရုတ်တိုင်းရင်းဆေးများ တောင်အာရှကုန်စည်ပြပွဲတွင် ပထမဆုံးအကြိမ်ပါဝင်ပြသသည့် အခွင့်ကောင်းယူ၍ တောင်အာရှကုန်စည်ပြပွဲကိုတရုတ်တိုင်းရင်းဆေးဆိုင်ရာ ကျန်းမာရေးဝန်ဆောင်မှု "ပြည်ပသို့ လျှောက်လှမ်းသွားခြင်း"ဖော်ဆောင်သည့် တံတားအဖြစ်ထားပြီး တောင်အာရှကုန်စည်ပြပွဲကို တရုတ်တိုင်းရင်းဆေးနှင့် ဆေးပညာကဏ္ဍတွင် ကျယ်ပြန့်စွာ ပူးပေါင်းဖလှယ်မည့် ပေါင်းကူးတံတားဖြစ်လာစေလိုကြောင်း ဖော်ပြထားသည်။

သတင်းထောက် - ဖုန်ရှီး